# သီးပင်စိုက်ပျိုး ဝင်ငွေတိုး

အောင်ဝင်းထွန်း



မိုးခွင်းကြယ်
စိုက်ပျိုးမွေးမြူရေး

## မာတိကာ


၁။ ကျွဲကောပင်စိုက်ပျိုးခြင်း ၁
၂။ ကြက်မောက်ပင်စိုက်ပျိုးခြင်း ၄
၃။ ကွမ်းသီးပင်စိုက်ပျိုးခြင်း ၇
၄။ ဂရိတ်ဖရုပင်စိုက်ပျိုးခြင်း ၁၁
၅။ ငှက်ပျောပင်စိုက်ပျိုးခြင်း ၁၃
၆။ စပျစ်ပင်စိုက်ပျိုးခြင်း ၁၇
၇။ စတော်ဘယ်ရီစိုက်ပျိုးခြင်း ၂၆
၈။ တရုတ်ဆီး(ဇီး)ချိုသီးစိုက်ပျိုးခြင်း ၂၉
၉။ ဆီး(ဇီး)သီးစိုက်ပျိုးခြင်း ၃၁
၁၀။ ဒူးရင်းပင်စိုက်ပျိုးခြင်း ၃၄
၁၁။ နာနတ်ပင်စိုက်ပျိုးခြင်း ၃၇
၁၂။ ပိန္နဲပင်စိုက်ပျိုးခြင်း ၄၁
၁၃။ ပန်းသီးပင်စိုက်ပျိုးခြင်း ၄၄
၁၄။ မင်းကွတ်ပင်စိုက်ပျိုးခြင်း ၅၀
၁၅။ မာလကာပင်စိုက်ပျိုးခြင်း ၅၃
၁၆။ မက်မန်းပင်စိုက်ပျိုးခြင်း ၅၅

၁၇။ ရှောက်၊ သံပရာ၊ သံပယိုစိုက်ပျိုးခြင်း ၅၉
၁၈။ သရက်ပင်စိုက်ပျိုးခြင်း ၆၁
၁၉။ သလဲပင်စိုက်ပျိုးခြင်း ၆၄
၂၀။ သကြားပင်စိုက်ပျိုးခြင်း ၆၇
၂၁။ သစ်တော်သီးပင်စိုက်ပျိုးခြင်း ၇၀
၂၂။ သင်္ဘောပင်စိုက်ပျိုးခြင်း ၇၃
၂၃။ သင်္ဘောသဖန်းပင်စိုက်ပျိုးခြင်း ၇၇
၂၄။ ဩဇာပင်စိုက်ပျိုးခြင်း ၇၉
၂၅။ စိန်တစ်လုံးသရက်စိုက်ပျိုးခြင်း ၈၂
၂၆။ ဩဂဲနစ်သဘာဝမြေဩဇာပြုလုပ်ခြင်း ၈၅
၂၇။ ဇီဝမြေဩဇာ ၉၂

■

## ၁ ကျွဲကောပင်စိုက်ပျိုးခြင်း

**စိုက်ပျိုးနိုင်သောဒေသ** – မြန်မာနိုင်ငံအနှံ့အပြားတွင် စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် နှစ်ရှည်သီးနှံပင်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြသည်။ အထူးသဖြင့် မွန်ပြည်နယ်တွင် အများဆုံးစိုက်ပျိုးကြသည်။

**ရာသီဥတုနှင့်မြေ** – ပူအိုက်စိုစွတ်သောရာသီဥတုကို နှစ်သက်သည်။ မြေစေးဆန်သောနုန်းမြေတွင် ကောင်းစွာဖြစ်ထွန်းမှုရှိသည်။

**မျိုးပွားခြင်း** – အစေ့မှလည်းကောင်း၊ မြေတုပ်စည်း (ကိုင်းကူး) နည်းဖြင့်လည်းကောင်း မျိုးပွားနိုင်သည်။

**စိုက်ပျိုးခြင်း** – အစေ့ချစိုက်ပျိုးပါက(၇)နှစ်ခန့်တွင် အသီးသီးပြီး ကိုင်းကူးစိုက်ပျိုးပါက (၄) နှစ်ခန့်တွင် အသီးစတင်သီးသည်။ မျိုးစေ့ချ စိုက်ပျိုးခြင်းထက် ကိုင်းကူးစိုက်ပျိုးခြင်းသည် အပင်ကြီးထွားနှုန်းမြန်ပြီး အသီးပို၍ဖြစ်ထွန်းမှုရှိသည်။ စိုက်ပျိုးရာတွင် အတန်းလိုက် စိုက်ပျိုးရမည်ဖြစ်ပြီး ပင်ကြားအနည်းဆုံးပေ (၂၀) ခွာ၍စိုက်ပျိုးရမည်။ တစ်ဧကလျှင် ကျွဲကောပင် (၉၈) ပင် စိုက်ပျိုးနိုင်သည်။

# သီးပင်စိုက်ပျိုး ဝင်ငွေတိုး





AGRI0010
900.00 KS